# ပြတ်သားသောဆုံးဖြတ်ချက်ဖြင့် အခိုင်အမာ ပြင်ဆင်သင့်ပြီ

ဗတိုးရှိန် (မုံရွာ)

လက်ရှိဗမာပြည် နိုင်ငံရေးအခြေအနေသည် အများမျှော်လင့်နေသည့် တွေ့ဆုံဆွေးနွေး ဇေ့စပ်ဖြေရှင်းရေး စားပွဲဝိုင်းနှင့် ကြာလေဝေးလေဖြစ်နေသည်။ စစ်အစိုးရသည် ဒီမိုကရေစီနည်းနှင့် ဆန့်ကျင်၍ ၄င်းတို့သဘောအတိုင်း တဘက်သတ်ချမှတ်ထားသည့် လမ်းပြမြေပုံဆိုသည်ကို စစ်အာဏာအသုံးပြု၍ မရမနေအကောင်အထည်ဖော်နေသည် ။

ပြည်တွင်းရှိ ဆန်ကျင်ကန့်ကွက်သူ ရဟန်းရှင်လူ ပြည်သူလူထုနှင့် အတိုက်အခံနိုင်ငံရေးသမားများကို မတရားဖမ်းဆီးနှစ်ရှည် ထောင်ဒဏ်ချ ပစ်ခြင်းများ ဆက်တိုက်လုပ်နေသည်။ ယခု ၂၀၁၀ ရွေးကောက်ပွဲ ဆိုသည်ကို ဆက်လှမ်းရန် ပြင်ဆင်နေသည်။ ရွေးကောက်ပွဲကို ကုလသမဂ္ဂ စောင့်ကြည့်အကဲခတ်များ လက်ခံနိုင်သည်ဟု ပြောနေသည်။

ပြောတတ်ပေတယ် နအဖစစ်အုပ်စုရယ် အားလုံးချည်ပြီး တုပ်ပြီး ဖြစ်မှခွင့်ပြုမယ်တဲ့။ အရပ်စကားအတိုင်းသုံးနှုန်းရရင် လူလည်ကျတဲ့အချိုးပဲ ၊ နအဖကို ပြန်မေးဖို့ကောင်း တာက လူထုဆန္ဒခံယူပွဲလုပ်စဉ်က အများတောင်း ဆိုခဲ့သည့်ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်း များ၏ စောင့်ကြည့်အကဲခတ်များကို ဘာကြောင့် ခွင့်မပြုခဲ့သလဲ ?

ခွင့်ပြုလိုက်ရင် နအဖ ဖွဲ့စည်းအုပ်ချုပ်ပုံ ပြည်သူတွေ၊ ဆန့်ကျင် ကန့်ကွက်နေသည်ကို စောင့်ကြည့်လေ့လာသူတွေရှေ့မှာ ဗူးပေါ်သလိုပေါ်သွားမည် ။ စစ်အစိုးရ၏ အကြံအစည် ဖွဲ့စည်းပုံ အခမ္မလုပ်ကြံ အတည်ပြုရေး ပျက်သွားနိုင်သည် ။

ဒါကြောင့်အဲဒီအချိန်မှာ စောင့်ကြည့်အကဲခတ်များ နအဖ စစ်အုပ်စု က ခွင့်မပြုရဲခြင်းဖြစ်သည်။ ယခုရွေးကောက်ပွဲ အဆင့်ကိုတော့ ခွင့်ပြုရဲပြီပေါ့ သူတို့ရွေးကောက်ပွဲ တရားဝင်ဖြစ်

ချင်နေပြီကိုး ။ ပိုင်ကွက်ကို အပြတ်စဉ်းစားထား သည့်သဘောကိုပြနေသည် ။

၂၀၁၀ ရွေးကောက်ပွဲသည် စစ်တပ်ခေါင်းဆောင်ရေးဖွဲ့စည်းပုံမပြုပြင်ပါက စစ်အုပ်စုအတိုက်အခံ ဒီမိုကရေစီအင်အားစုတွေ မပါဝင်သည့် ရွေးကောက်ပွဲမျိုးဖြစ်ဖို့များသည်။ နိုင်ငံတော်ကို စစ်တပ်ခေါင်းဆောင်မှု တရားဝင်ထူထောင်ပေးရေးဖွဲ့စည်းပုံအခြေခံနှင့် ဖော်ဆောင်ရမည့် ရွေးကောက်ပွဲမျိုးသည် စစ်အာဏာရှင်စနစ် ဆက်လက်ကျင့်သုံးရေး ပင်ဖြစ်သည် ။ ပြည်သူလူထု လိုလားတောင်းဆို နေသည့် ဒီမိုကရေစီရေးတိုက်ပွဲများတားဆီးချိုးနှိမ်ရေး တဆင့်တိုးလုပ်ဆောင်ရန်၊ ရည်ရွယ်သည့် ရွေးကောက်ပွဲဖြစ်သည် ။ ပြည်သူလူထု ဆင်းရဲတွင်းနက်သထက်နက်ဖို့သာရှိမည်။ ။

ယခုတလော နအဖ နောက်လိုက်အချို့ ရွေးကောက်ပွဲဝင်ရေး ပြင်ဆင်သံများကြားနေရသည် အရိုးအရင်းကိုက်ချင်သူ နောက်လိုက်များလေသံက အခုစစ်အစိုးရလုပ်နေတာ အတိုက်အခံမရှိ ပါတီစုံပူးပေါင်းဆောင်ရွက်ရေး ဖြစ်တယ်တဲ့ နောက် နအဖလုပ်ရပ်သည် ဆိုရှယ်လစ်စနစ်တည်ဆောက်ရေး လုပ်နေသည့် တိုင်းပြည်များ ပုံစံဖြစ်ကြောင်း သက်သေထူ ထောက်ပြသွားသေးသည် ။ ဟားတိုက်ဖွယ် ပျက်လုံးဟု ပြောရမည် နအဖ မျက်နှာရရေး ကျားကျားမီးယပ်လုပ်နေကြခြင်းဖြစ်သည် တိုင်းပြည်အကျိုးထက် ကိုယ်ကျိုးကိုယ့်စီးပွားအတွက်လောက်သာနိုင်ငံရေး လေ့လာနေသည့် စစ်အုပ်စုနောက်လိုက်ပီသကြသည် ။

ထိုတိုင်းပြည်များ၏ နောက်ခံသမိုင်းနှင့် နိုင်ငံရေးအနှစ်သာရ မတူကွဲပြားနေမှုကိုသူတို့ထည့်မပြောကြဘူး ။ သူတို့ ထောက်ပြသည့် တိုင်းပြည်တွေဆိုသည်က ပြည်သူ့တော်လှန်ရေးကို ပြတ်ပြတ်သားသား ခေါင်းဆောင်ခဲ့သည့် တပ်ဦးပါတီများ တော်လှန်ရေးအောင်ပွဲခံပြီး၍ စနစ်သစ်တစ်ခုကို စမ်းသပ်တည်ဆောက်နေခြင်းဖြစ်သည်။ သူ့နိုင်ငံသူ့ဖွဲ့စည်းအုပ်ချုပ်ပုံအရ ပါတီနှင့်တပ် သီးခြားထား၍ တလျှောက်လုံးစစ်တပ်ကို ကာကွယ်ရေးဝန်ကြီးအောက်မှာထားလုပ်ကိုင်နေကြခြင်းဖြစ်သည် ။

**စစ်အာဏာရှင်တွေဟာ ဆိုရှယ်လစ်စနစ် ရေပန်းစားနေချိန်မှာ အတုအရောင်ဆိုရှယ်လစ်နှင့် ပြည်သူကို လှည့်စားသည်**

လက်တွေ့မှာလဲ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်၍ သိသာသည့် အောင်မြင်မှုများရနေကြသည်။ ဗမာပြည်မှာက ပြည်သူ့တော်လှန်ရေးများကို တားဆီးနှိပ်ကွပ်၍ စစ်တပ်အာဏာသိမ်းပြီး အာဏာလက်မလွှတ်ရေး စစ်အာဏာရှင်စနစ်ဆက်လက်ကျင့်သုံးရန်အတွက် ရွေးကောက်ပွဲအမည်ခံ၍ အချိန်ဆွဲပြင်ဆင်ပြည်သူကိုလှည့်စားရေး အကြံ အဖန်နိုင်ငံရေးလုပ်နေခြင်းဖြစ်သည် တိုင်းပြည်လည်းရစရာမရှိ အောင်မွဲပြာ ကျနေသည်။ နိုင်ငံအာဏာကို စစ်တပ်က လက်မလွှတ် သမတ ဝန်ကြီးချုပ် ဒုသမတ အထိ စစ်ဗိုလ်ချုပ်ကြီးများအတွင်း ဗိုလ်သန်းရွှေကတာဝန် ခွဲဝေသတ်မှတ် ပေးထားလောက်ပြီဟု ခန့်မှန်းပြောဆိုသံများထိကြားနေရသည်။ ။

**“ စစ်အာဏာရှင်တွေဟာ ဆိုရှယ်လစ်စနစ် ရေပန်းစားနေချိန်မှာ အတုအယောင်ဆိုရှယ်လစ်နှင့် ပြည်သူကိုလှည့်စားသည်။ ယခုဒီမိုကရေစီနှင့်ဈေးကွက်စီးပွားရေးခေတ် ဆိုပြန်တော့ စည်းကမ်းပြည့်ဝသောဒီမိုကရေစီ လုပ်လာပြန်ပြီ”**

ပုဂ္ဂလိကပိုင်စီးပွားရေးဆိုရာမှာလဲ သူတို့လူနှင့် သူတို့ရွှေ(ဆွေ)မျိုးသားချင်းများသာ လုပ်ခွင့်ပေးထားသည် တိုင်းပြည်တိုးတက်ရာတိုးတက်ကြောင်း နိုင်ငံရေး ပေါ်လစီလမ်းစဉ်ရပ်ခံရေးအဓိကမဟုတ် ။ ၄င်းတို့ကိုယ်ကျိုး အာဏာလက်မလွှတ်ရေးက အဓိကဖြစ်နေသည်။ ဒါကြောင့် စစ်အာဏာရှင်များ ၄င်းတို့အာဏာဆက်လက်ဆုပ်ကိုင်ရေး စီမံကိန်းချ၍ လမ်းပြမြေပုံဆိုသည်ကို အဆင့်ခွဲ၍ မရမနေအကောင်အထည်ဖော်နေခြင်းဖြစ်သည် ။ နအဖသည် သူတို့အာဏာ တည်မြဲရေးရည်မှန်းချက်အတွက် ဘာမဆိုပေးဆပ်ကြမည် ဗမာပြည်သူတွေနှင့် နိုင်ငံတကာကိုမျက်နှာပြောင်တိုက် လှည့်စားရဲသည် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးပြည်တွင်းပြည်ပ တောင်းဆိုမှုတွေကို လက်ခံစဉ်းစားရကောင်းမှန်းမသိပဲ ပြည်သူတွေကိုအဆက်မပြတ် ဖိနှိပ်ဖမ်းဆီးပြနေသည်။ ဤကဲ့သို့သော မထေမဲ့မြင် လုပ်ရပ်များကြောင့်နိုင်ငံတကာအလယ်မှာ ဂုဏ်သိက္ခာမဲ့သည့် အစိုးရဖြစ်နေရသည်။ ဗိုလ်ချုပ်ကြီးများလုပ်ရပ်က တိုင်းပြည်အတွက် အလွန်နစ်နာသည် ။ ထိုကြောင့် ကျနော်တို့ ဒီမိုကရေစီအင်အားစုများအနေနှင့် နအဖစစ်အုပ်စု၏ နိုင်ငံရေးလှည့်ကွက်များကို ရောယောင်မနေပဲစစ်အာဏာရှင်စနစ် တိုက်ဖျက်ပစ်ရန် ပြတ်သားသော ဆုံးဖြတ်ချက်ဖြင့်အခိုင်အမာပြင်ဆင်မှုများ လုပ်သင့်ကြပြီဟု မြင်မိကြောင်း တင်ပြလိုက်ရပါသည် ။ ။

**ဗတိုးရှိန် (မုံရွာ)**

၁၄ -၃ -၂၀၀၉